မြို့ဌာနချုပ်ရှိ အမှုဆောင်ညွှန်ကြားရေးမှူးထံ၌ တာဝန်ခံယူထားသော ကွင်းဆင်းလုပ်ငန်းရုံးအဖွဲ့ (၃၇)ဖွဲ့မှ (ယူနီဆက်ဖ်) ဝန်ထမ်းများ၏ အကူ အညီဖြင့် ယင်းအစီအစဉ်များကို အကောင်အထည်ဖော်လျက်ရှိသည်။

ယူနီဆက်ဖ်အကူအညီမှ အဓိကအားဖြင့် ကလေးသူငယ်များ အတွက် ရေရှည်အစီအစဉ်များကို ဦးတည်ရေးရှုထားသည်။ သဘာဝဘေး အန္တရာယ်ကြီးများ၊ မြို့ရွာမငြိမ်သက်မှုများနှင့် ကပ်ရောဂါများကြောင့် ပေါ် ပေါက်လာသော အရေးပေါ်အခြေအနေများတွင် ကလေးသူငယ်များနှင့် မိခင်များ၏ အရေးတကြီးလိုအပ်မှုများကိုလည်း လျှင်မြန်စွာ ဖြည့်ဆည်း ဆောင်ရွက်ပေးလျက်ရှိသည်။ အရေးပေါ်ကယ်ဆယ်ရေးလုပ်ငန်းများကို ဆောင်ရွက်ပြီးနောက် ရေရှည်ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဆက် လက်ဆောင်ရွက်သွားသည်။ ၁၉၇၈ ခုနှစ်တွင် ယူနီဆက်ဖ်သည် အရေး ပေါ်ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးအကူအညီကို အာဖဂန် နစ္စတန်၊ ဘင်္ဂလားဒေ့ရှ်၊ ဒီဂျီဘူးတီ၊ ဂါနာ၊ ဟွန်းဒူးရပ်စ်၊ အိန္ဒိယ၊ ဂျမေကာ၊ လော၊ လက်ဘနွန်၊ မိုဇမ်ဘစ်၊ ပါကစ္စတန်၊ ဆိုမာလီးယား၊ သိရိလင်္ကာ၊ ဆူဒန်၊ ထိုင်း၊ ဗီယက်နမ်နှင့် ဇိုင်ယာနိုင်ငံများသို့ တိုးချဲ့ပေးအပ်ခဲ့သည်။

ယူနီဆက်ဖ်သည် မိမိ၏လုပ်ငန်းဆောင်တာများနှင့် ပတ်သက် သည့် ဘဏ္ဍာရေးအတွက် စေတနာအလျောက် ထောက်ကူထည့်ဝင်ကြေး ပေါ်တွင် လုံးဝအမှီသဟဲပြုသည်။ ယူနီဆက်ဖ်၏ ဝင်ငွေအနက် သုံးပုံတစ်ပုံ

နီးပါးကို အစိုးရများထံမှ ရရှိသည်။ ကျန်ငွေများကို နေ့ထူးအခါထူး အထိမ်းအမှတ် နှုတ်ခွန်းဆက်ကတ်ပြားများ ရောင်းချမှုလုပ်ငန်းများနှင့် ရန်ပုံငွေတိုးပွားမြှင့်တင်ရေးလုပ်ငန်း အမျိုးမျိုးတို့ဖြင့် ပြည်သူတို့ထံမှ ရရှိသည်။ ယူနီဆက်ဖ်၏ စုစုပေါင်း နှစ်စဉ်ဝင်ငွေမှာ ၁၉၆၈ ခုနှစ်တွင် ဒေါ်လာ (၄၃.၅) သန်း ရရှိခဲ့ရာမှ ၁၉၇၈ ခုနှစ်တွင် ဒေါ်လာ (၂၁၁) သန်းအထိ တိုးမြင့်လာသည်။

စီးပွားရေးနှင့် လူမှုရေးကောင်စီက ရွေးချယ်သည့် နိုင်ငံ ၃၀ မှ ကိုယ်စားလှယ်များပါဝင်သော အမှုဆောင်ဘုတ်အဖွဲ့သည် ယူနီဆက်ဖ်၏ ပေါ်လစီမူဝါဒများကို သတ်မှတ်ပေးကာ ယူနီဆက်ဖ်၏ အစီအစဉ်များကို ဆန်းစစ်ရန်အတွက် နှစ်စဉ်အစည်းအဝေးကျင်းပသည်။ ၁၉၇၉ ခုနှစ်ကို အပြည်ပြည်ဆိုင်ရာ ကလေးများနှစ်အဖြစ် ကြေငြာခဲ့သော အထွေထွေညီလာခံ၏ ဆုံးဖြတ်ချက်အဆိုအရ ယူနီဆက်ဖ်အား ထိုနှစ်၏ လုပ်ငန်းဆောင်တာများကို ညှိနှိုင်းဆောင်ရွက်ရန်အတွက် တာဝန်ခံယူသည့် ကုလသမဂ္ဂ၏ ဦးဆောင်အဖွဲ့အဖြစ် သတ်မှတ်ခဲ့သည်။ ၁၉၇၉ ခုနှစ် ဩဂုတ်လမှ ယူနီဆက်ဖ်သည် အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီနှင့်တွဲဖက်ကာ ကမ်ပူချားနိုင်ငံလူထုအတွက် ကယ်ဆယ်ရေးလုပ်ငန်းအစီအစဉ်တစ်ရပ်ကိုလည်း ဆောင်ရွက်၍ စားနပ်ရိက္ခာများ၊ ဆေးဝါးများ၊ ပို့ဆောင်ရေးပစ္စည်းများနှင့် အခြားကယ်ဆယ်ရေးပစ္စည်းများဖြင့် ကူညီထောက်ပံ့လျက်ရှိသည်၊

၁၉၆၅ ခုနှစ်တွင် ယူနီဆက်ဖ်သည် နိုဘယ်ငြိမ်းချမ်းရေးဆုကို ဆွတ်ခူးရရှိခဲ့သည်။ ရုံးဌာနချုပ်ကို နယူးယောက်မြို့၊ အမေရိကန်တွင် ထားရှိသည်။

**ကုလသမဂ္ဂ ကုန်သွယ်ရေးနှင့် ဖွံ့ဖြိုးရေးညီလာခံ (အန်းတက်အဖွဲ့)**

**United Nations Conference of Trade and Development (UNCTAD)**

၁၉၆၄ ခုနှစ်၊ ဒီဇင်ဘာလ ၃၀ ရက်နေ့တွင် ကျင်းပပြုလုပ်သော ကုလသမဂ္ဂ အထွေထွေညီလာခံကြီးမှ ၎င်း၏အမြဲတမ်း လုပ်ငန်းအဖွဲ့အဖြစ် ကုလသမဂ္ဂ ကုန်သွယ်ရေးနှင့် ဖွံ့ဖြိုးမှုညီလာခံကို ဖွဲ့စည်းတည်ထောင်ခဲ့သည်။ ကုလသမဂ္ဂဖွံ့ဖြိုးမှု ဆယ်စုနှစ်များ၏ ရည်မှန်းချက်များသို့ ရောက်ရန်အတွက် ကုလသမဂ္ဂကုန်သွယ်ရေးနှင့် ဖွံ့ဖြိုးမှုညီလာခံသည် ဖွံ့ဖြိုးစနိုင်ငံများ ကုန်သွယ်ရေးတိုးချဲ့ရန်နှင့် ထိုသို့တိုးချဲ့ခြင်းဖြင့် ၎င်းနိုင်ငံများ၏ ရှင်သန်ကြီးထွားလာမှု မပြိုကွဲစေရန်အတွက်လိုအပ်သည့် အင်အားများ တိုး၍ရရှိရန် အလေးထားသည်။

ကုလသမဂ္ဂကုန်သွယ်ရေးနှင့်ဖွံ့ဖြိုးမှုညီလာခံ၏ ပထမဆုံး အစည်းအဝေးကို ၁၉၆၄ ခုနှစ်တွင် ဂျီနီဗာတွင် ကျင်းပပြုလုပ်ခဲ့ပြီးနောက် ၁၉၆၈ ခုနှစ်တွင် နယူးဒေလီတွင်လည်းကောင်း၊ ၁၉၇၂ ခုနှစ်တွင် စင်တီယာဂိုတွင်လည်းကောင်း၊ ၁၉၇၆ ခုနှစ်တွင် နိုင်ရိုဘီတွင်လည်းကောင်း၊ ၁၉၇၉ ခုနှစ်တွင် မနီလာတွင် လည်းကောင်း ကျင်းပပြုလုပ်ခဲ့သည်။

ညီလာခံအဖွဲ့ဝင် အားလုံးပါဝင်သော ကုန်သွယ်ရေးနှင့် ဖွံ့ဖြိုးမှုဘုတ်အဖွဲ့သည် ညီလာခံယန္တရားတွင် အမြဲတမ်းပါသည်။ ဘုတ်အဖွဲ့သည် သာမန်အားဖြင့် တစ်နှစ်လျှင် နှစ်ကြိမ်စည်းဝေးကာ ညီလာခံ၏ လုပ်ငန်းများကို မပြတ်ဆောင်ရွက်သည်။ အဖွဲ့ဝင်များပါဝင်သော အဓိကကော်မတီကြီး (၆)ခု ဘုတ်အဖွဲ့တွင်ထားရှိပြီး လုပ်သုံးကုန်များ၊ ကုန်ပစ္စည်းထုတ်လုပ်ခြင်း၊ ကုန်သွယ်ရေးနှင့် ဆက်စပ်နေသည့် ဘဏ္ဍာရေးများ၊ ဖွံ့ဖြိုးစတိုင်းပြည်အများအပြား စီးပွားရေးပူးပေါင်းဆောင်ရွက်ခြင်းများ၊ သင်္ဘောကိစ္စများနှင့် ကုန်သွယ်မှု ဦးစားပေးခြင်းဆိုင်ရာ ကော်မတီတို့ဖြစ်ကြသည်။ အဓိကကြိုးပမ်းမှုများအနက် ဖွံ့ဖြိုးစတိုင်းပြည်များ၏ အခြေခံထွက်ကုန်များ၊ ဈေးနှုန်းများ၊ အမြတ်ရရှိရေး၊ တည်ငြိမ်ရေးနှင့် မျှတရေးအတွက် ဆောင်ရွက်ခြင်းနှင့် ထိုမှတဆင့် စက်မှုထွန်းကားသောနိုင်ငံများ၏ ဈေးကွက်တွင် ပိုမိုရောင်းချရန်အတွက် ကြိုးပမ်းခြင်းတို့လည်း ပါဝင်သည်။ ထိုသို့ဆောင်ရွက်နိုင်ရန် ကုန်ပစ္စည်းများဆိုင်ရာ သဘောတူညီမှုများ သို့မဟုတ် စီစဉ်မှုများ ဖွံ့ဖြိုးစတိုင်းပြည်များ၏ စီးပွားရေးများ စုလင်ဝေဆာလာစေမှုများ၊ ဓာတုဗေဒ ကုန်ပစ္စည်းတုများ တိုး၍ပေါ်ထွက်နေသောကြောင့် ယှဉ်ပြိုင်ရာမှာ သဘာဝကုန်ပစ္စည်းများ မည်မျှတိုးရမည်ကို သုတေသနပြုလုပ်စေမှုများတို့ လိုအပ်သည်။

ဖွံ့ဖြိုးစတိုင်းပြည်များမှ ကုန်ချောများနှင့် ကုန်ချောတစ်ပိုင်း ကုန်ပစ္စည်းများတိုး၍ ပြည်ပသို့ တင်ပို့ရောင်းချနိုင်ရေးအတွက် ဆောင်ရွက်ခြင်းသည်လည်း အရေးကြီးသည်။

အစီအစဉ်ကြီးများသည့် နောက်အပိုင်းတစ်ခုမှာ ဖွံ့ဖြိုးစတိုင်းပြည်များအား ဘေးသင့်ကပ်ဆိုက်ရောက်သော လူသုံးကုန်ပစ္စည်းများ၊ ဈေးနှုန်းအနိမ့်အမြင့်ဖြစ်မှု လျော့နည်းသွားစေရန် သို့တည်းမဟုတ် ပပျောက်သွားစေရန်၊ လူသုံးကုန်အချို့ကြား ကန်သိုလှောင်ခြင်းအတွက် ကုန်ကျခံရမည့် ရန်ပုံငွေ တည်ထောင်ရန်ဖြစ်သည်။ ၁၉၇၉ ခုနှစ် မတ်လအတွင်း ကျင်းပခဲ့သော ညီလာခံတစ်ရပ်တွင် သဘောတူခဲ့သည့် အခြေခံအကြောင်းအချက်များအရ ရန်ပုံငွေဆိုင်ရာ သဘောတူညီချက်အပိုဒ်များ မူကြမ်းကို ကြားဖြတ်စေ့စပ်ဆွေးနွေးမှုများသည် ၁၉၇၉ ခုနှစ်၊ အောက်တိုဘာလတွင် အဆီးအတားများကို ကျော်နင်းအောင်မြင်ကာ သဘာဂရော်ဘာဆိုင်ရာ သဘောတူညီချက်ကို ချုပ်ဆိုနိုင်ခဲ့သည်။

ထုတ်လုပ်သူနှင့် သုံးစွဲသူ ကုန်ကျမှုကို ညီမျှစွာခံရမည့် ပထမဆုံးသော လူသုံးကုန်သဘောတူညီမှုဖြစ်ပြီး ဘုံရန်ပုံငွေ၏ ဈေးနှုန်းတည်ငြိမ်ရေး စီစဉ်ကြံစည်ချက်နှင့်လည်း ပထမဆုံးဆက်စပ်ခြင်းဖြစ်သည်။ ထုတ်လုပ်မှုနှင့်သုံးစွဲမှု (၈၀)ရာခိုင်နှုန်းစီရှိသော တိုင်းပြည်များက လက်ခံသဘောတူပြီးနောက် ယင်းသဘောတူညီမှုသည် အတည်ဖြစ်လာမည်။ ကုလသမဂ္ဂ

ကုန်သွယ်ရေးနှင့် ဖွံ့ဖြိုးမှုအစီအစဉ်၏ နောက်ရည်ရွယ်ချက်တစ်ရပ်မှာ ဖွံ့ဖြိုးစတိုင်းပြည်များ၏ ကုန်ချောများနှင့် ကုန်ချောတစ်ပိုင်းပစ္စည်းများ နိုင်ငံခြားသို့ တင်ပို့ရာတွင် ကျယ်ပြန့်ရေးနှင့် တိုးချဲ့ရေးဖြစ်သည်။ ကြာရှည်စွာ စေ့စပ်ဆွေးနွေးကြပြီးနောက် ၁၉၇၀ ခုနှစ်တွင် သဘောတူညီချက်တစ်ရပ် ရရှိခဲ့သည်။ ဦးစားပေးခြင်းများဆိုင်ရာ ယေဘူယျစနစ်အရ ဖွံ့ဖြိုးစတိုင်းပြည်များ ပြည်ပပို့ကုန်ပို့ခြင်းနှင့်ပတ်သက်သည့် အခွင့်အလမ်းများ ကျယ်ပြန့်စွာ ရေးဆွဲရန် သဘောတူညီမှုရရှိကြသည်။ ယခင်က ကုန်သွယ်ရေးမူများသည် အခွင့်အထူး၊ အကျိုးထူးခံနိုင်ငံများသည် ဖွံ့ဖြိုးစတိုင်းပြည်များ၏ လိုအပ်ချက်များကို ဖြည့်စွမ်းပေးနိုင်ခြင်းမရှိ။ ယခုကဲ့သို့ သဘောတူညီမှုသည် ကုလသမဂ္ဂကုန်သွယ်ရေးနှင့် ဖွံ့ဖြိုးမှုညီလာခံ၏ ဂါဒလမ်းစဉ်များ အကောင်အထည်ဖော်ရေး ရောင်ပြန်ဟပ်လျက်ရှိသည်။ ယေဘူယျ အခွန်စည်းကြပ်မှု ဦးစားပေးစနစ်ကို ကျင့်သုံးသောကြောင့် ဖွံ့ဖြိုးစတိုင်းပြည်များစွာ အကျိုးခံစားခဲ့ကြရသည်။ ၁၉၇၉ ခုနှစ် နိုဝင်ဘာလ၊ ဒီဇင်ဘာလအတွင်း ဂျီနီဗာမြို့တွင် ကုလသမဂ္ဂညီလာခံတစ်ရပ်ကို ရက်သတ္တသုံးပတ်ကြာကျင်းပပြီး ထိုကဲ့သို့သော ကျင့်သုံးမှုများအတွက် သဘောတူညီချက်များကို အတည်ပြုခဲ့သည်။ ကျန်အပိုဒ်များအပေါ် သဘောတူညီမှုများ ရရှိရေးအတွက် ကြိုးစားရန် ညီလာခံကို ၁၉၈၁ ခုနှစ်တွင် ပြန်လည်ကျင်းပခဲ့သည်။

ဖွံ့ဖြိုးစတိုင်းပြည်များသို့ ငွေရရန်နည်းလမ်းများ အသားတင်စီးဝင်ရေး၊ အထူးသဖြင့် ဖွံ့ဖြိုးမှုအထောက်အပံ့များမှ တရားဝင်ရရှိရေးအတွက် တိုးမြှင့်ရန်ကိုလည်း ကုလသမဂ္ဂကုန်သွယ်ရေးနှင့် ဖွံ့ဖြိုးမှုညီလာခံမှ စဉ်းစားခဲ့သည်။ ထိုသို့ဆောင်ရွက်ရာဝယ် အထောက်အပံ့ပေးရာ၌ စည်းကမ်းသတ်မှတ်ချက်များ ပိုမိုကောင်းမွန်လာရေး၊ အကြွေးဝန်ထုပ်ကြီး လျော့နည်းရေး၊ ဖွံ့ဖြိုးစတိုင်းပြည်များ၏ လိုအပ်ချက်များနှင့် လိုက်လျောညီထွေရှိသော အပြည်ပြည်ဆိုင်ရာ ငွေကြေးစနစ်ကျင့်သုံးရေးတို့ကို ဦးတည်ရေးဆွဲကာ ကုလသမဂ္ဂကုန်သွယ်ရေးနှင့်ဖွံ့ဖြိုးမှုညီလာခံက ထောက်ခံထားသည်။

စက်မှုလက်မှု အတတ်ပညာနယ်ပယ်တွင် ၁၉၇၉ ခုနှစ်၊ နိုဝင်ဘာလက ဂျီနီဗာမြို့တွင် ကုလသမဂ္ဂညီလာခံ ဒုတိယအစည်းအဝေးကျင်းပပြီး စက်မှုလက်မှု အတတ်ပညာဆိုင်ရာ နိုင်ငံတကာကိုဥပဒေတစ်ရပ်ကို စေ့စပ်ဆွေးနွေးသည်။ စေ့စပ်ဆွေးနွေးမှုများ ပြီးပြတ်စေရန်နှင့် ယင်းကိုဥပဒေအတွက် လိုအပ်သည့် ဆုံးဖြတ်ချက်များ အတည်ပြုချမှတ်နိုင်ရန် ရည်ရွယ်ချက်ဖြင့် ကုလသမဂ္ဂကုန်သွယ်ရေးနှင့် ဖွံ့ဖြိုးမှုညီလာခံကျင်းပရန် အထွေထွေညီလာခံက အာဏာအပ်နှင်းလိုက်သည်။ ဖွံ့ဖြိုးစတိုင်းပြည်များ၏ စက်မှုလက်မှုအတတ်ပညာ အစွမ်းအစ အင်အားဖြည့်တင်းရေးကိုလည်း ကုလသမဂ္ဂကုန်သွယ်ရေးနှင့် ဖွံ့ဖြိုးမှုညီလာခံက တက်ကြွစွာ ဆောင်ရွက်ခဲ့သည်။

သူတို့၏ ကိုယ့်အားကိုယ်ကိုးမှုကို ထောက်ခံသောအားဖြင့် ဖွံ့ဖြိုးစ တိုင်းပြည်များကြား ကုန်သွယ်ရေး၊ စီးပွားရေး ပေါင်းစည်းမှုနှင့် စီးပွားရေး ပူးပေါင်းဆောင်ရွက်ရေးမြှင့်တင်ရန် ကုလသမဂ္ဂကုန်သွယ်ရေးနှင့် ဖွံ့ဖြိုးမှု ညီလာခံသည် တိုး၍ဂရုပြုလျက်ရှိသည်။ နိုင်ငံခြားသို့ ကုန်တင်ပို့ရေး၊ သယ်ယူပို့ဆောင်ရေး၊ အာမခံနှင့် နိုင်ငံစုံကုန်ထုတ်လုပ်ငန်းကြီးများနယ်ပယ်မှ လုပ်ငန်းများကို မျက်ဝါးထင်ထင်ရှုမြင်စေသည်။ သင်္ဘောဖြင့် သယ်ယူပို့ဆောင်ရေးနှင့်ဆိပ်ကမ်း၊ အပြည်ပြည်ဆိုင်ရာသင်္ဘောဖြင့် သယ်ယူပို့ဆောင်ရေးတရားဥပဒေနယ်ပယ်တွင်လည်း ကုလသမဂ္ဂကုန်သွယ်ရေးနှင့် ဖွံ့ဖြိုးမှု ညီလာခံသည် နိုင်ခံ့သည့် အလုပ်အစီအစဉ်ကို ချမှတ်လိုက်သည်။ ညီလာခံ၏ ကမကထပြုချက်အရ စာအချုပ် (၂)ခုကို လက်မှတ်ရေးထိုးခဲ့ကြသည်။ အပြည်ပြည်ဆိုင်ရာ ကုန်တင်သင်္ဘောများနှင့် သက်ဆိုင်သည့် သင်္ဘောလိုင်းများဆိုင်ရာ ဥပဒေနှင့် အပြည်ပြည်ဆိုင်ရာ ပေါင်းစပ်သယ်ယူပို့ဆောင်ရေး (ကုန်များကို တစ်နည်းမက သယ်ယူပို့ဆောင်ရေး၊ ဥပမာ လေကြောင်းဖြင့် စတင်သယ်ယူ၊ နောက်သင်္ဘောဖြင့်ဆက်ပို့၊ နောက်ဆုံးတွင် ကုန်းလမ်းဖြင့် သယ်ဆောင်ခြင်း) နှင့် သက်ဆိုင်သည်။ ဖွံ့ဖြိုးမှုနောက်အကျဆုံး တိုင်းပြည်များ၏ ရေကြောင်းကုန်သွယ်ရေး၊ ဖွံ့ဖြိုးရေးနှင့် တိုးချဲ့ရေး၊ ကုန်တင်ခနှုန်းထားပြဿနာများသည် ယင်းနယ်မှ အခြားလုပ်ငန်းများဖြစ်သည်။

ကုလသမဂ္ဂကုန်သွယ်ရေးနှင့် ဖွံ့ဖြိုးမှုညီလာခံ၏ ဆောင်ရွက်ချက်များအနက် စီးပွားရေးနှင့် လူမှုရေးစနစ်ချင်း မတူကွဲပြားသည့် တိုင်းပြည်များကြား ကုန်သွယ်မှုတိုးတက်စေရေးလည်း ပါဝင်သည်။ အရှေ့နှင့် အနောက်ကုန်သွယ်မှု တိုးချဲ့ရေး၊ ဖွံ့ဖြိုးစနိုင်ငံများနှင့် အရှေ့ဥရောပနှင့် အာရှမှဆိုရှယ်လစ်နိုင်ငံများကြား ကုန်သွယ်ရေးတိုးချဲ့ကြရန် ဆက်လက်ဆောင်ရွက်နေခြင်းဖြစ်သည်။ ဖွံ့ဖြိုးမှုအနည်းဆုံးကျွန်းနှင့် ပင်လယ်ဆိပ်ကမ်းမရှိကုန်းတွင်းပိတ်တိုင်းပြည်များအတွက် အထူးဆောင်ရွက်ချက်များကို ကုလသမဂ္ဂ ကုန်သွယ်ရေးနှင့် ဖွံ့ဖြိုးမှုညီလာခံက ထောက်ခံအကြံပြုထားသည်။ ကုလသမဂ္ဂ ကုန်သွယ် ရေးနှင့် ဖွံ့ဖြိုးမှုညီလာခံမှ အဆိုပြုလာသည့် မြေဝိုင်းဖွံ့ဖြိုးစတိုင်းပြည်များ အတွက် အထူးရန်ပုံငွေခတတ်တဥပဒေကို ၁၉၇၆ ခုနှစ်၊ ဒီဇင်ဘာလ အထွေထွေညီလာခံက အတည်ပြုလိုက်သည်။ ယင်းသို့သော တိုင်းပြည် များရင်ဆိုင်နေရသည့် အပိုသယ်ယူပို့ဆောင်ရေးကုန်ကျစရိတ်များကြောင့် နစ်နာမှုများကို ကာမိစေရန်အတွက် ရန်ပုံငွေကပင်ရင်းအခြေအမြစ်များကို ထောက်ပံ့ရရှိစေသည်။ ၁၉၇၉ ခုနှစ်အတွက် ကတိပြုထားသော ငွေကြေး ပမာဏသည် လိုအပ်သောအခြေအမြစ်အတွက် မလုံလောက်သောကြောင့် ကြီးပြင်းလည်ပတ်နိုင်လောက်သော ရန်ပုံငွေ ဖြစ်လာရန် အဖွဲ့ဝင်နိုင်ငံများအား ရက်ရောစွာ ထည့်ဝင်ထောက်ပံ့ကြရန် အထွေထွေညီလာခံက တိုက်တွန်းထားသည်။

ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ်၏အမှုဆောင်ကိုယ်စားလှယ်တစ်ရပ် အဖြစ် ကုလသမဂ္ဂကုန်သွယ်ရေးနှင့် ဖွံ့ဖြိုးမှုညီလာခံသည် ဖွံ့ဖြိုးစတိုင်းပြည်များမှ စီမံကိန်းများကိုလည်း ကျွမ်းကျင်မှု အကူအညီများ ပေးလျက်ရှိသည်။ အထွေထွေအတွင်းရေးမှူးချုပ် ဦးဆောင်သော အမြဲတမ်း အတွင်းရေးမှူးများအဖွဲ့ (ကုလသမဂ္ဂကုန်သွယ်ရေးနှင့် ဖွံ့ဖြိုးမှုညီလာခံဌာနချုပ်ရုံး) ကို ဂျီနီဗာမြို့၊ ဆွစ်ဇာလန်နိုင်ငံတွင် ထားရှိပြီး နယူးယောက်မြို့ ကုလသမဂ္ဂဌာနချုပ်တွင် ဆက်သွယ်ရေးရုံးဖွင့်ထားသည်။

**ကုလသမဂ္ဂ ဖွံ့ဖြိုးမှုအစီအစဉ် (ယူအင်န်ဒီပီ)**

**United Nations Development Programme (UNDP)**

ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် (ယူအင်န်ဒီပီ) သည် နည်းဘက်စုံ ကျွမ်းကျင်မှုနှင့် ကြိုတင်ရင်းနှီးမှုများ ကူညီထောက်ပံ့ရာ ကမ□ာ့အကြီးဆုံးသော အစီအစဉ်ကြီးဖြစ်သည်။ ဖွံ့ဖြိုးစတိုင်းပြည် ၁၅၀ နှင့် စီးပွားရေးနှင့် လူမှုရေးလုပ်ငန်း အားလုံးလိုလိုမှာပင် (ယူအင်န်ဒီပီ) ပါဝင်သည်ဟု ဆိုနိုင်သည်။ ကောက်ပဲသီးနှံနှင့် သားငါးထုတ်လုပ်ရေး၊ ငါးဖမ်းလုပ်ငန်း၊ သစ်တော၊ ဓာတ်သတ္တု၊ ကုန်ချောထုတ်စက်ရုံ၊ ဓာတ်အားထုတ်လုပ်ရေး သယ်ယူပို့ဆောင်ရေး၊ ဆက်သွယ်ရေး၊ အိုးအိမ်အဆောက်အအုံလုပ်ငန်း ကုန်သွယ်ရေး၊ ကမ□ာလှည့်ခရီးသွားလုပ်ငန်း၊ ကျန်းမာရေး၊ ပတ်ဝန်းကျင်

သန့်ရှင်းရေး၊ ပညာရေးနှင့် လေ့ကျင့်ရေး၊ လူနေရပ်ကွက်ဖွံ့ဖြိုးမှု၊ စီးပွားရေး စီမံကိန်းချမှတ်ရေး၊ ပြည်သူ့အုပ်ချုပ်ရေး စသည်တို့ကို ဆောင်ရွက်လုပ်ကိုင်လျက်ရှိသည်။

ယူအင်န်ဒီပီမှ ထောက်ပံ့လျက်ရှိသော ကြိုတင်ရင်းနှီးမှုနှင့် ကျွမ်းကျင်မှုလုပ်ငန်းပေါင်း (၄၅၀၀) ကျော်တို့တွင် အထွေထွေရည်ရွယ်ချက်ကြီး (၂) ရပ်ရှိပြီး အပြန်အလှန်ဆက်နွယ်လျက်ရှိသည်။

အောက်ဖော်ပြပါကိစ္စရပ်များသည် (ယူအင်န်ဒီပီ)၏ အထောက်အပံ့ဖြင့် ဆောင်ရွက်အကောင်အထည်ဖော်လျက်ရှိသော နိုင်ငံအလိုက်နှင့် ဒေသအလိုက်လုပ်ငန်းများဖြစ်သည်။

ဂင်ငွေနည်းပါးသော နိုင်ငံများ၏ သဘာဝသယံဇာတ အလားအလာနှင့် စီးပွားရေးအလားအလာ တန်ဖိုးလေ့လာ တည်းဖြတ်ရေးနှင့် ကုန်ပစ္စည်းများ၊ ခံစားမှုလုပ်ငန်းများကို တိုးတက်ထုတ်လုပ်ပြီး ကျယ်ပြန့်စွာ ဖြန့်ဖြူးရေးအတွက် အလားအလာများကို အကဲဖြတ်ခြင်း။

ပညာရေးစနစ်များကို အခြေခံမှသည် တက္ကသိုလ်အဆင့်များအထိ တိုးချဲ့အင်အားဖြည့်တင်းခြင်း အသက်မွေးဝမ်းကျောင်းပညာ၊ အတတ်ပညာ၊ ကျွမ်းကျင်မှုတို့ကို အပြည့်အဝသင်ကြား လေ့လာခွင့်လုပ်ငန်း၊ လုပ်ငန်းခွင်ဆိုင်ရာ စာပေတတ်ကျွမ်းမှုများနှင့် အထူးပညာရပ်များအတွက် နိုင်ငံခြားပညာသင်ဆုများ ချီးမြှင့်ခြင်း။

ယင်းလုပ်ငန်းများ အကောင်အထည်ဖော်ရေးအတွက် လိုအပ်သည့် အရင်းအနှီးများ စုစည်းရာတွင် ကူညီခြင်း၊ ဦးစားပေး ဖွံ့ဖြိုးမှုပြဿနာများတွင် ခေတ်မှီစက်မှုလက်မှုသုတေသနပြုချက်များ အသုံးချနိုင်ရေးအတွက် အခြေအနေများတည်ထောင်ပေးခြင်း၊ အသစ်ရှာဖွေတွေ့ရှိချက်များနှင့် ထုတ်လုပ်မှုဆိုင်ရာ နည်းစနစ်အသစ်များကိုလည်း အသုံးချစေရန် ဖန်တီးခြင်း။

ကျေးလက်ဒေသများနှင့် မြို့ပြများတွင် လူနေမှုအခြေအနေများ တိုးတက်ကောင်းမွန်လာစေရန်၊ လူငယ်များကို ပိုမိုအထူးပြုကာ အလုပ်အကိုင်ရရှိရေးအတွက် အခြေအနေ အခွင့်အလမ်းများအတွက် လှုပ်ရှားခြင်း၊ ဘက်စုံဖွံ့ဖြိုးရေး စီမံကိန်းများ ရေးဆွဲခြင်းနှင့် အစိုးရ၏ လုပ်ငန်းများအတွက် အခြားမရှိမဖြစ် လိုအပ်ချက်များနှင့် ဆက်သွယ်သည့် အကြံပေးခြင်း၊ ကြီးကြပ်ခြင်းနှင့် လေ့ကျင့်ရေးဆိုင်ရာ ခံစားခွင့်များပေးခြင်း စသည်တို့ဖြစ်ကြပါသည်။

ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ်သည် မည်မျှအထိအောင်မြင်နေပြီနည်း ဆိုသည်ကို တွက်ချက်ကြည့်ရာ ၁၉၇၈ ခုနှစ်အထိ အောက်ပါအတိုင်း ပြသနေသည်။

ယူအင်န်ဒီပီ အဓိကအခန်းမှ ပါဝင်ခဲ့ပြီး ကြိုတင်ရင်းနှီးမှု လေ့လာရေးလုပ်ငန်းများ၏ နောက်ပိုင်းတွင် တိုက်ရိုက်ဖြစ်စေ၊ တစ်ဆင့်ဖြစ်စေ

အမေရိကန်ဒေါ်လာ သန်းပေါင်း (၃၀) ဖိုး ရင်းနှီးမြှုပ်နှံခဲ့သည်။ ယူအင်န်ဒီပီ အထောက်အပံ့ခံ တက္ကသိုလ်များ၊ သိပ္ပံသင်တန်းများ၏ အသက်မွေးဝမ်းကြောင်း၊ ကျွမ်းကျင်မှုအဆင့် မြင့်ခဲ့ကြသည်။ နိုင်ငံတကာမှ ပါရဂူများနှင့် အတူ လုပ်ကိုင်ကြသော်လည်း အတော်များများမှာ လုပ်ရည်ကိုင်ရည် တိုးတက်ခဲ့ကြသည်။ ယူအင်န်ဒီပီ၏ အထောက်အပံ့ဖြင့် ထောင်ပေါင်းများစွာသော လူတို့သည် နိုင်ငံခြားတိုင်းပြည်များတွင် ခေတ်မီသင်တန်းများ တက်ရောက်နိုင်ခဲ့ကြသည်။ ထိုသို့ ပညာသင်စာရင်းတွင် အထက်တန်းပြကျောင်းဆရာများ၊ စက်မှုလက်မှု၊ စိုက်ပျိုးရေးနှင့် အသက်မွေးဝမ်းကျောင်းပညာရပ်များကို ပို့ချနေသူများ၊ မန်နေဂျာများ၊ ကြီးကြပ်ရေးမှူးများ၊ ရောင်းဝယ်ရေးပါရဂူများနှင့် ကျွမ်းကျင်လုပ်သားများ၊ အများပြည်သူသုံး ပစ္စည်းများဆိုင်ရာပါရဂူများ၊ အင်ဂျင်နီယာများနှင့် ကျွမ်းကျင်သူများ၊ စီမံခန့်ခွဲမှုများနှင့် ဖွံ့ဖြိုးမှုစီမံကိန်းရေးဆွဲသူများ ပါဝင်ကြသည်။ စီးပွားရေးအသုံးဝင်သော ဓာတ်သတ္တု ဒေါ်လာသန်း (၄၅၀၀၀) ဖိုး ယူအင်န်ဒီပီ အထောက်အပံ့ဖြင့် တူးဖော်ရေးသမားများက ဖော်ထုတ်နိုင်ခဲ့သည်။

ယူအင်န်ဒီပီ အစိုးရအဖွဲ့များက မိမိတို့ဦးစားပေးအလိုက် လိုအပ်ချက်များနှင့်အညီ မေတ္တာရပ်ခံလာမှသာလျှင် ဖွံ့ဖြိုးမှုကြိုးပမ်းချက် အကူအညီများကို နိုင်ငံအလိုက်နှင့် ဒေသအဝိုင်းအဝန်းဖြင့် ထောက်ပံ့ကူညီ၏။ ထိုသို့ကူညီဆောင်ရွက် ထောက်ပံ့မှုတွင် ကုလသမဂ္ဂအဖွဲ့ကြီးကိုယ်တိုင်နှင့်

ဆက်စပ်လျက်ရှိသော အေဂျင်စီ (၂၅) ခုတို့က ဆောင်ရွက်ကြသည်။

(၁) နိုင်ငံတကာ အနုမြူအင်အား အေဂျင်စီ

(၂) နိုင်ငံတကာ အလုပ်သမားအဖွဲ့

(၃) စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့

(၄) ယူနက်စ်ကိုခေါ် ကုလသမဂ္ဂပညာရေးသိပ္ပံနှင့် ယဉ်ကျေးမှုအဖွဲ့

(၅) ကမ္ဘာ့ကျန်းမာရေးအဖွဲ့

(၆) ကမ္ဘာ့ဘဏ်ခေါ် နိုင်ငံတကာ ပြည်လည်တည်ဆောက်ရေးနှင့် ဖွံ့ဖြိုးရေးဘဏ်

(၇) နိုင်ငံတကာ မြို့ပြလေကြောင်းအဖွဲ့

(၈) ကမ္ဘာ့စာပို့လုပ်ငန်းသမဂ္ဂ

(၉) နိုင်ငံတကာ ဆက်သွယ်ရေးသမဂ္ဂ

(၁၀) ကမ္ဘာ့မိုးလေဝသအဖွဲ့

(၁၁) အစိုးရချင်း ရေကြောင်းဆိုင်ရာ တိုင်ပင်မှုအဖွဲ့

(၁၂) ကုလသမဂ္ဂ စက်မှုဖွံ့ဖြိုးရေးအဖွဲ့

(၁၃) ကုလသမဂ္ဂ ကုန်သွယ်ရေးနှင့် ဖွံ့ဖြိုးမှုညီလာခံ

(၁၄) အမေရိကတိုက်ဆိုင်ရာ ဖွံ့ဖြိုးမှုဘဏ်

(၁၅) အာဖရိက ဖွံ့ဖြိုးရေးဘဏ်

(၁၆) အာရှဖွံ့ဖြိုးရေးဘဏ်

ကုလသမဂ္ဂကလေးများရန်ပုံငွေ (ယူနီဆက်ဖ်) ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ်၊ ဒုက္ခသည်များဆိုင်ရာ ကုလသမဂ္ဂမဟာမင်းကြီးရုံး၊ ကုလသမဂ္ဂပတ်ဝန်းကျင်အစီအစဉ်၊ ကမ္ဘာ့ဉာဏ်စွမ်းရည် ပစ္စည်းများအဖွဲ့၊ ကမ္ဘာ့ ကမ္ဘာ့လှည့်သည်အဖွဲ့ စီးပွားရေးနှင့် လူမှုဖွံ့ဖြိုးမှု အာရပ်ရန်ပုံငွေနှင့် လယ်ယာစိုက်ပျိုးရေးဖွံ့ဖြိုးမှု ရန်ပုံငွေတို့ဖြစ်ကြသည်။ ယူအင်န်ဒီပီ ကိုယ်တိုင်ကလည်း လုပ်ငန်းများကို တစ်စုံတစ်ခုသော အရည်အတွက်အထိ တိုက်ရိုက်ကိုင်တွယ်သည်။

၁၉၇၈ ခုနှစ်၊ နှစ်ကုန်တွင် ယူအင်န်ဒီပီ၏ နှစ်စဉ်သုံးစွဲလည်ပတ်ငွေသည် အမေရိကန်ဒေါ်လာ သန်းပေါင်း ၄၅၀ ပတ်ဝန်းကျင်ခန့် ရှိခဲ့သည်။ သို့သော် ယူအင်န်ဒီပီ အထောက်အပံ့ခံနိုင်ငံများသည် စီမံကိန်းကုန်ကျစရိတ်ထက်ဝက်ကျော်ကို တာဝန်ယူထည့်ဝင်ကြရသည်။ ယူအင်န်ဒီပီက ကမကထပြုလုပ် ဆောင်ရွက်လျက်ရှိသော လုပ်ငန်းအားလုံး၏ နှစ်စဉ်ကုန်ကျငွေမှာ အမေရိကန်သန်းပေါင်း တစ်ထောင်ကျော်သည်။ နိုင်ငံတကာမှခေါ်ယူသည့် ပါရဂူများအတွက် ကုန်ကျစရိတ်၊ နိုင်ငံခြားမှတင်သွင်းသောစက်ပစ္စည်းများ၏ တန်ဖိုးစာချုပ်ပါ အထူးခံစားခွင့်စားရိတ်များ၊ ပညာသင်စရိတ်များကို ယူအင်န်ဒီပီမှ အကုန်အကျခံသည်။ အမျိုးသား အမှုထမ်းတို့အတွက် ကုန်ကျစရိတ်၊ လုပ်ငန်းအဆောက်အဦးများ၊ ဒေသတွင် ရရှိနိုင်သော ပစ္စည်းများ၊ ခံစားခွင့်များကိုမူ အထောက်အပံ့ရယူသည့်နိုင်ငံများက

ကုန်ကျထည့်ဝင်ရသည်။ ယူအင်န်ဒီပီ၏ ငွေကြေးစရိတ်များအတွက် ကုလသမဂ္ဂအဖွဲ့ဝင်တိုင်းလိုလိုနှင့် ကုလသမဂ္ဂနှင့် ဆက်စပ်လျက်ရှိသော အေဂျင်စီတို့၏ အဖွဲ့ဝင်များက စေတနာအလျောက် ထည့်ဝင်ငွေဖြင့် သုံးစွဲသည်။ ထည့်ဝင်ငွေသည် လျှင်မြန်စွာတိုးတက်လျက်ရှိရာ ၁၉၅၉ ခုနှစ်က ဒေါ်လာ ၅၅.၂ ခန့်ရှိခဲ့ရာမှ ၁၉၇၈ ခုနှစ်တွင် ဒေါ်လာသန်းပေါင်း ၆၈၀ ကျော်ခဲ့သည်။ ယူအင်န်ဒီပီခေါ် ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ်၏ ရုံးဌာနချုပ်ကို အမေရိကန်ပြည်ထောင်စု နယူးယောက်မြို့တွင် ထားရှိသည်။

၁၉၇၀ ခုနှစ် အထွေထွေညီလာခံကြီးက ကုလသမဂ္ဂလုပ်အားပေးများ အစီအစဉ်ဟူသော အစီအစဉ်သစ်တစ်ခုကို တည်ထောင်ခဲ့သည်။ ထိုအစီအစဉ်ကို ယူအင်န်ဒီပီက အုပ်ချုပ်စီမံခန့်ခွဲသည်။ အသက် (၂၁) နှစ်ပြည့်ပြီး ကျန်းမာသန်စွမ်းသည့် အမျိုးသား၊ အမျိုးသမီးတို့သည် သတ်မှတ်ထားသည့် ပညာအရည်အချင်း၊ ကျွမ်းကျင်မှုနောက်ခံနှင့် ပြည့်စုံပါက ကုလသမဂ္ဂ လုပ်အားပေးအဖြစ်လျှောက်ထားနိုင်သည်။ ၁၉၇၉ ခုနှစ်၊ နိုဝင်ဘာလအထိ ဖွံ့ဖြိုးစနိုင်ငံပေါင်း (၇၀)မှ လုပ်အားပေးပေါင်း (၆၀၀) ခန့်က (၇၅) နိုင်ငံတွင် လုပ်အားပေးပေါင်း ၁၄၀၀ နီးပါး လုပ်အားပေးလျက်ရှိသည်။ လုပ်အားပေး ၆၀ ရာခိုင်နှုန်းခန့်မှာ ဖွံ့ဖြိုးမှု အနည်းဆုံးနိုင်ငံများနှင့် လွတ်လပ်စနိုင်ငံများတွင် တာဝန်ထမ်းဆောင်ကြသည်။

လုပ်အားပေးများအဖြစ် ဖွံ့ဖြိုးပြီးနိုင်ငံများမှာရော ဖွံ့ဖြိုးစနိုင်ငံများမှပါ လာရောက်ကြသည်။ စက်မှုထွန်းကားသည့် နိုင်ငံများမှ လုပ်အားပေးများသည် ရှိပြီးဖြစ်သော လုပ်အားပေးအဖွဲ့များ သို့မဟုတ် အစိုးရများမှ တစ်ဆင့် လျှောက်ကြရပြီး ဖွံ့ဖြိုးဆဲနိုင်ငံများမှ လုပ်အားပေးများကိုမူ ထိုနိုင်ငံများရှိ ယူအင်န်ဒီပီရုံးများက တာဝန်ယူစုဆောင်းသည်။ ဖွံ့ဖြိုးဆဲနိုင်ငံများတွင် လုပ်အားပေးများနှင့် လူငယ်ဖွံ့ဖြိုးရေးလုပ်ငန်းများ တည်ဆောက်နိုင်ရန် များစွာကြိုးပမ်းခဲ့သည်။

နိုင်ငံတစ်နိုင်ငံ၏ လုပ်အားပေးများ အလိုရှိကြောင်း လူသိရှင်ကြားတောင်းခံလာပြီး လက်ခံမည့်နိုင်ငံ၏ သဘောတူညီချက်ရရှိပြီးသည့် လုပ်အားပေးများကို သက်ဆိုင်ရာနိုင်ငံသို့ စေလွှတ်သည်။ အတွေ့အကြုံရင့်သော ပါရဂူများ၏ လက်အောက်ဝယ် သီးခြားဖွံ့ဖြိုးရေးလုပ်ငန်းများတွင် အလုပ်လုပ်ကိုင်ကြရသည်။ ကုလသမဂ္ဂလုပ်အားပေး အစီအစဉ်က တာဝန်ယူ ဆောင်ရွက်ပေးသည့် လုပ်ငန်းများကို အမျိုးအစားခွဲခြားပြရသော . . . စိုက်ပျိုးရေးဆိုင်ရာ လုပ်အားပေးတစ်ယောက်သည် စိုက်ပျိုးရေး၊ မွေးမြူရေး တိုးတက်စေသည့် နည်းစနစ်များကို သရုပ်ဖော်ပြသခွင့်ရခြင်း၊ ဒေသမှရရှိသည့် ပစ္စည်းများဖြင့်သာ အိုးအိမ်အဆောက်အဦးများ ဆောက်လုပ်ရေးတာဝန်ကိုယူနေသော ပါရဂူအား လူငယ်ဗိသုကာက အကူအညီပေးခြင်း၊ မြေတိုင်းသမား လုပ်အားပေးတစ်ယောက်ကမူ အသေးစားဆည်မြောင်း

ဖောက်လုပ်ရေးနှင့် မြို့ပြစည်ပင်သာယာရေး၊ ရေပေးဝေရေးလုပ်ငန်းတို့တွင် မြေတိုင်းရာ၌ပါဝင်ခြင်း၊ သတ္တဗေဒ ပညာရှင်တစ်ယောက်ကမူ အမျိုးသား တိရစ္ဆာန်ဥယျာဉ်အတွင်းရှိ တိရစ္ဆာန်များ၏စွမ်းအားကို လေ့လာမှတ်တမ်းပြုစုခြင်း၊ ကျောင်းဆရာတစ်ယောက်ကမူ သက်ကြီး စာတတ်မြောက်မှု 'အသုံးလုံးကြေ' သင်တန်းများတွင် စေတနာအလျောက် လုပ်အားပေးနိုင်ခြင်း စသည်တို့ဖြစ် သည်။

လူဦးရေ၏ အဆင်းရဲဆုံးသော အလွှာကို လူနေမှုအဆင့်အတန်းမြှင့်ပေးရေးနှင့် ဖွံ့ဖြိုးရေးအတွက် လူငယ်အစီအစဉ်များ၊ တည်ထောင်ရေးဆိုင်ရာ လူစုအဆင့်အရ ကိုယ့်အားကိုယ်ကိုးလုပ်ငန်းဆောင်တာများ မြှင့်တင်ပေးသည့် ပြည်တွင်းဖွံ့ဖြိုးမှု အသုံးခံအဖွဲ့များကို ထောက်ပံ့ရန်ဟူသော ၁၉၇၆ ခုနှစ် အထွေထွေညီလာခံ၏ ဆုံးဖြတ်ချက်နှင့်အညီ အစီအစဉ်ကကြီးမားစွာကြီးပမ်းလျက်ရှိသည်။ ၁၉၈၃ ခုနှစ်တွင် ကုလသမဂ္ဂလုပ်အားပေး ၁၀၀၀ အထိတိုးရန် ၁၉၇၆ ခုနှစ် အထွေထွေညီလာခံက အတည်ပြုခဲ့သည်။

## ကုလသမဂ္ဂ ပညာရေး၊ သိပ္ပံနှင့် ယဉ်ကျေးမှုအဖွဲ့ (ယူနက်စကို)

## United Nations Educational Scientific and Cultural Organization (UNESCO)

ယူနက်စကိုအဖွဲ့ကြီး၏ ဖွဲ့စည်းပုံ အခြေခံစည်းမျဉ်းဥပဒေအား လက်မှတ်ရေးထိုးခဲ့ကြသော နိုင်ငံနှစ်ဆယ်တို့က မိမိတို့၏ သဘောတူညီလက်ခံကြောင်း စာချုပ်စာတမ်းကို ယူနိုက်တက်ကင်းဒမ်း (အင်္ဂလန်) အစိုးရ၏ လက်သို့ ပေးအပ်လိုက်သည့် ၁၉၄၆ ခုနှစ်၊ နိုဝင်ဘာလ (၄)ရက်နေ့တွင် စတင်တည် ထောင်ဖွဲ့စည်းခဲ့လေသည်။

အဓိကရည်ရွယ်ချက်များမှာ ကုလသမဂ္ဂ ပဋိညာဉ်စာတမ်းကြီးက ကမ္ဘာ့ပြည်သူများ၏ အကျိုးငှာ လူမျိုး၊ ဘာသာစကား၊ ဘာသာတရား မခွဲခြားဘဲ အတည်ပြုထားသော လူ့အခွင့်အရေးနှင့် အခြေခံလွတ်လပ်ခွင့်များကိုလည်းကောင်း၊ တရားဥပဒေ စိုးမိုးရေးကိုလည်းကောင်း၊ တရားမျှတမှုကိုလည်းကောင်း အားလုံးကအကြွင်းမဲ့လေးစားလိုက်နာစေရန်အတွက် ပညာရေး၊ သိပ္ပံ၊ ယဉ်ကျေးမှု၊ ဆက်သွယ်ရေး တိုးမြှင့်နိုင်ငံများအချင်းချင်း ပူးတွဲဆောင်ရွက်မှုကို အားပေးမြှင့်တင်၍ ကမ္ဘာ့ငြိမ်းချမ်းရေးနှင့် လုံခြုံရေးတို့အား အထောက်အကူပြုရန်။

ယူနက်စကိုသည် ရည်ရွယ်ချက်များကို အောင်မြင်စွာ အကောင်အထည်ဖော်ရန်အတွက် အလားတူတွဲဖက်ထားသော လုပ်ငန်းစဉ်နှစ်ရပ်ကို လိုက်နာကျင့်သုံးလျက်ရှိသည်။ လုပ်ငန်းစဉ်တစ်ရပ်မှာ ယူနက်စကို၏ အခွင့်အာဏာပိုင်ဆိုင်သည့် လုပ်ငန်းများတွင် အပြည်ပြည်ဆိုင်ရာ အသိပညာရှင်များ ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းဖြစ်သည်။ အခြားလုပ်ငန်းတစ်ရပ်မှာ လူမှုရေး၊ ယဉ်ကျေးမှုနှင့် စီးပွားရေးအတိုင်းအတာများအထိ ကျွမ်းဝင်သည့် ဖွံ့ဖြိုးမှုအတွက် လုပ်ငန်းများကို စီမံဆောင်ရွက်ရသည်။ ယင်းလုပ်ငန်းဆောင်ရွက်မှုကို အောက်ပါအတိုင်း ယေဘုယျအားဖြင့် အမျိုးအစားများ ခွဲခြားထားသည်။ နိုင်ငံတိုင်းရှိ ပြည်သူတို့အနေဖြင့် မိမိတို့၏ ဖွံ့ဖြိုးမှုအတွက် ပိုမိုထိရောက်စွာ ပါဝင်ဆောင်ရွက်နိုင်ကြစေရန် ပညာရေးကို တိုးချဲ့ခြင်းနှင့် လမ်းပြခြင်းလုပ်ငန်း၊ နိုင်ငံတိုင်းအနေဖြင့် မိမိ၏ အခြေအမြစ်များ ပိုမိုတိုးတက်ကောင်းမွန်စွာ အသုံးပြုနိုင်ရန်အတွက် သိပ္ပံပညာနှင့် စက်မှုသိပ္ပံအုတ်မြစ်များကို ချပေးခြင်းလုပ်ငန်း၊ ယဉ်ကျေးမှု ဒွင်ပြင်လက္ခဏာပျောက်ဆုံးမှုနှင့် ယဉ်ကျေးမှုအမျိုးမျိုးကွဲပြားမှုတို့ မဆုံးရှုံးစေဘဲ ခေတ်မီရေးအစီအစဉ်မှ အခွင့်အလမ်း အများဆုံးထုတ်ယူရန်အတွက် အမျိုးသားယဉ်ကျေးမှုတန်ဖိုးများနှင့် ယဉ်ကျေးမှုအမွေအနှစ် ထိန်းသိမ်းရေးကို အားပေးမြှင့်တင်ခြင်းလုပ်ငန်း၊ အသိပညာကို အားလုံးပေါင်းစုရေးအတွက် သတင်းအချက်အလက်များ မျှတစွာထွက်ရှိလာရန်လည်းကောင်း၊ သတင်း

ပြန်ကြားရေးစနစ်များ မျှတချောမွေ့စေရန်လည်းကောင်း၊ ဆက်သွယ်ရေး ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ခြင်းလုပ်ငန်း၊ လူ့အခွင့်အရေးများအပြင် တရားမျှတရေးနှင့် ငြိမ်းချမ်းရေးတို့ကို အကောင်အထည်ဖော်ရန် ကရိယာများအဖြစ် လူမှုသိပ္ပံပညာရပ်များကို အားပေးမြှင့်တင်ခြင်းလုပ်ငန်းတို့ဖြစ်သည်။

ယူနက်စကိုအဖွဲ့ဝင်နိုင်ငံများ၏ ကိုယ်စားလှယ်များ ပါဝင်သော အထွေထွေကွန်ဖရင့်ကြီးသည် ယူနက်စကို၏ ပေါ်လစီမူဝါဒလုပ်ငန်းအစီအစဉ်နှင့် ရသုံးမှန်းခြေငွေစာရင်းတို့ကို စဉ်းစားဆုံးဖြတ်ရန်အတွက် ၂ နှစ်တစ်ကြိမ် အစည်းအဝေးကျင်းပသည်။ ယင်းညီလာခံက ရွေးကောက်တင်မြှောက်သော အဖွဲ့ဝင် ၄၅ ဦးပါဝင်သည့် အလုပ်အမှုဆောင်ဘုတ်အဖွဲ့သည် တစ်နှစ်လျှင် အနည်းဆုံး သုံးကြိမ်အစည်းအဝေးကျင်းပ၍ ညီလာခံက အတည်ပြုချက်ချမှတ်သော လုပ်ငန်းအစီအစဉ်ကို ကြီးကြပ်ရန်အတွက် တာဝန်ခံယူရသည်။ အဖွဲ့ကြီး၏ ရုံးဌာနချုပ်မှာ ပြင်သစ်နိုင်ငံ ပဲရစ်မြို့ရှိ ယူနက်စကိုဂေဟာဖြစ်သည်။ ရုံးအဖွဲ့တွင် ညွှန်ကြားရေးမှူးချုပ်တစ်ဦးနှင့် အပြည်ပြည်ဆိုင်ရာအမှုထမ်းများ ပါဝင်သည်။

## ကုလသမဂ္ဂ ပတ်ဝန်းကျင်အစီအစဉ် (ယူအင်န်အီးပီ) (ယူနက်ပ်)

## United Nations Enviomemt Programme (UNEP)

၁၉၇၂ ခုနှစ်တွင် ပတ်ဝန်းကျင်တွင် ပေါ်ပေါက်လာသော အရေးကြီးသည့် ပြောင်းလဲမှုများကို စစ်ဆေးကြည့်ရှုရန်အတွက်လည်းကောင်း၊ ပတ်ဝန်းကျင်နှင့်ပတ်သက်၍ ကောင်းမွန်သော အလေ့အထများကို အားပေးညှိနှိုင်းဆောင်ရွက်ရန်အတွက်လည်းကောင်း ကွန်ဖရင့်၏ ထောက်ခံအကြံပေးချက်များအပေါ်၌အခြေခံကာ ကုလသမဂ္ဂပတ်ဝန်းကျင်အစီအစဉ်အဖွဲ့ (ယူနက်ပ်)ကို အထွေထွေညီလာခံကြီးက ဖွဲ့စည်းခဲ့သည်၊ တစ်ချိန်တည်းမှာပင် ၅၈ နိုင်ငံပါဝင်သော အုပ်ချုပ်ရေးကောင်စီကိုလည်းကောင်း၊ ကုလသမဂ္ဂအဖွဲ့များ၏ အကြီးအကဲများပါဝင်သော ပတ်ဝန်းကျင်ညှိနှိုင်းဆောင်ရွက်ရေး ဘုတ်အဖွဲ့ကိုလည်းကောင်း၊ အမှုဆောင် ညွှန်ကြားရေးမှူးတစ်ဦး ကြီးမှူးသော အတွင်းရေးမှူးများ ရုံးတစ်ခုကိုလည်းကောင်း အထွေထွေညီလာခံကြီးက ဖွဲ့စည်းခဲ့သည်။

၁၉၇၇ ခုနှစ်တွင် ယူနက်ပ်၏ ပထမ လေးနှစ်ကာလကုန်ဆုံးသည့် အခါ၌ ကုလသမဂ္ဂပတ်ဝန်းကျင်ရန်ပုံငွေအဖွဲ့အတွက် ထောက်ပံ့သည့် ဝင်ငွေများမှာ အထွေထွေညီလာခံမှ သတ်မှတ်ထားသည့် လျာထားချက် ပန်းတိုင် ဒေါ်လာသန်းပေါင်း ၁၀၀ ထက် ကျော်လွန်သွားခဲ့သည်။ ယူနက်ပ် သည် လုပ်ငန်းအစီအစဉ်အရ စတော့ဟုမ်း လုပ်ငန်းဆောင်ရွက်ရေး စီမံကိန်းပေါ်တွင် အခြေပြုကာ "ကမ္ဘာမြေစောင့်ကြပ်ကြည့်ရှုမှု" လုပ်ငန်းကို ညှိနှိုင်းလုပ်ဆောင်ခဲ့သည်။ ယင်းလုပ်ငန်းများမှာ အပြည်ပြည်ဆိုင်ရာ စူးစမ်း လေ့လာစစ်ဆေးကြည့်ရှုရေး လုပ်ငန်းကြီးဖြစ်၍ အဓိကအပိုင်းကြီးသုံးပိုင်း ပါရှိသည်။

ပထမအဓိကအပိုင်းကြီးမှာ လူတို့၏ပြုမူမှုကြောင့်လည်းကောင်း၊ သဘာဝကြောင့်သော်လည်းကောင်း ပေါ်ပေါက်လာသော အဆိုးရွားဆုံး ပတ်ဝန်းကျင်အပြောင်းအလဲများကို သဘောပေါက်နားလည်ရန်၊ ကြိုတင် တွက်ဆရန်၊ တိုက်ဖျက်ရန်တို့အတွက် လိုအပ်သည့် သတင်းအချက် အလက်အကြောင်းအရာများကို အစိုးရများသိရှိအောင် လုပ်ဆောင်ပေး သည့် ကမ္ဘာ့အနှံ့ပတ်ဝန်းကျင် စီစစ်မှတ်သားမှု စနစ်လုပ်ငန်းပိုင်းဖြစ်သည်။

ဒုတိယအဓိကအပိုင်းကြီးမှာ ပတ်ဝန်းကျင်ဆိုင်ရာ သတင်းအချက် အလက်များနှင့် အသိပညာများ ရရှိရန်အတွက် ကွန်ပျူတာဖြင့် ရည်ညွှန်း ချက်များကို ဖော်ထုတ်ပေးသော "အင်ဖိုတဲရား" ခေါ် လုပ်ငန်းပိုင်းဖြစ်သည်။

ဇာတိယအာဖရိကအပိုင်းကြီးမှာ ကျန်းမာရေးနှင့် ပတ်ဝန်းကျင်ကို ဘေးဥပါဒ်ပြုနိုင်သော ဓာတ်ပစ္စည်းပေါင်း ထောင်သောင်းများစွာတို့နှင့် ပတ်သက်သည့် အချက်အလက်များကို နိုင်ငံအသီးသီးရှိ သတင်းထောက်များ၏ အကူအညီဖြင့် ဖော်ထုတ်ပေးသော အပြည်ပြည်ဆိုင်ရာ အဆိပ်ဓာတ်ပြင်းထန်သည့် ဓာတ်ပစ္စည်းများမှတ်တမ်း (အိုင်အာရ်ပီတီစီ) ခေါ် လုပ်ငန်းပိုင်းဖြစ်သည်။

"ကမ္ဘာမြေစောင့်ကြပ်ကြည့်ရှုမှု" လုပ်ငန်းနှင့် နီးနီးကပ်ကပ် ဆက်နွယ်လျက်ရှိသော လုပ်ငန်းများ၊ ယူနက်ပ်၏ ပြင်ပအကန့်အသတ်များဆိုင်ရာ အစီအစဉ်လုပ်ငန်းဖြစ်သည်။ လူတိုင်းပြုမူလုပ်ကိုင်မှုဒဏ်များကြောင့် အဖတ်ဆယ်၍မရလောက်အောင် ပျက်စီးသွားသည့် ပတ်ဝန်းကျင်အခြေအနေကို ယင်းအစီအစဉ်က ညွှန်ပြဖော်ထုတ်ပေးမည်ဖြစ်သည်။

၁၉၇၉ခုနှစ် ကျေးရွာနှင့်မြို့ပြလူနေဒေသများ၏ ဖလပေဒလုပ်ငန်း၊ ပတ်ဝန်းကျင်နှင့် ဖွံ့ဖြိုးရေးလုပ်ငန်း၊ သဘာဝဘေးအန္တရာယ်များဆိုင်ရာ လုပ်ငန်းနှင့် အမှုပိုင်းဒေသ သစ်တောများကဲ့သို့သော မြေပြန့်ပေါ်ရှိ သက်ရှိ ပတ်ဝန်းကျင်အဖွဲ့များကို ထိန်းသိမ်းစောင့်ရှောက်မှုဆိုင်ရာလုပ်ငန်းစသည့် လုပ်ငန်းများအတွက် စီမံကိန်း ၈၀၀ နီးပါးခန့်ကို အတည်ပြုခဲ့သည်။

ယူနက်ပ်အနေဖြင့် ပတ်ဝန်းကျင်ဆိုင်ရာ ဥပဒေကို မြှင့်တင်ရေး၊ ပတ်ဝန်းကျင်ဆိုင်ရာ စီမံခန့်ခွဲမှုကို ပညာပေးသင်ကြားရေးတို့နှင့်လည်း သက်ဆိုင်သည်။ ထို့ပြင် ၁၉၇၇ ခုနှစ် သဲကန္တာရများ ပြန့်ပွားမှုဆိုင်ရာ

ကုလသမဂ္ဂ ကွန်ဖရင့်က သဲကန္တာရများပြန့်ပွားမှုကို တိုက်ဖျက်ရေးအတွက် ချမှတ်ပြဋ္ဌာန်းခဲ့သော လုပ်ငန်းဆောင်ရွက်မှု စီမံကိန်းကို အကောင်အထည်ဖော်ရန် ယူနက်ပ်သို့ တာဝန်ပေးအပ်ခဲ့သည်။ ယင်းစီမံကိန်းတွင် မြေယာပြန်ထည်ထူထောင်ရေး စီမံခန့်ခွဲရေးနှင့်ပတ်သက်သည့် နိုင်ငံတစ်ခုချင်းဆိုင်ရာ အစီအစဉ်များ အပြည်ပြည်ဆိုင်ရာအစီအစဉ်များ ပေါင်းစပ်ပါဝင်သည်။

၁၉၇၉ ခုနှစ်တွင် ကမ်းခြေနိုင်ငံ ၁၆ နိုင်ငံတို့က သဘောတူညီချက်အသီးသီးကို လက်မှတ်ရေးထိုးကာ မြေထဲပင်လယ်ဒေသကို ကာကွယ်စောင့်ရှောက်ရေးနှင့် ဆက်လက်ဖွံ့ဖြိုးတိုးတက်မှုတို့အတွက် လုပ်ငန်းဆောင်ရွက်ရေးစီမံကိန်းတစ်ရပ်ကို အတည်ပြုချမှတ်ပြီးနောက် ယူနက်ပ်အနေဖြင့် မြေထဲပင်လယ်ဒေသတွင် ရေ့ဆောင်စီမံကိန်းလုပ်ငန်းတစ်ရပ်နှင့် ပင်လယ်တွင်းညစ်ညမ်းမှုတိုက်ဖျက်ရေးကို စတင်ကြိုးပမ်းခဲ့သည်။ ယခုအခါ အခြားဒေသများအတွက်လည်း အလားတူအစီအစဉ်များကို ချမှတ်လုပ်ဆောင်နေပြီဖြစ်သည်။

ယူနက်ပ်သည် စွမ်းအင်လုပ်ငန်းနှင့်ပတ်သက်၍ ဖိလစ်ပိုင်၊ ဆီးနီးဂေါလ်နှင့် သီရိလင်္ကာနိုင်ငံတို့ရှိ စမ်းသပ်ဆဲ စွမ်းအင်ဌာနများကို ကူညီထောက်ပံ့ခဲ့သည်။ ယင်းနိုင်ငံများတွင် နေမှလည်းကောင်း၊ လေမှလည်းကောင်း၊ နေအိမ် အမှိုက်သရိုက်များမှလည်းကောင်း၊ စိုက်ပျိုးရေးစွန့်ပစ်





ပစ္စည်း အမှိုက်သရိုက်များမှလည်းကောင်း စွမ်းအင်ထုတ်လုပ်ရန်အတွက် ရေ့ဆောင်စီမံကိန်းများကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

စတော့ဟုမ်း ကွန်ဖရင့်ကို စတင်ဖွင့်လှစ်သည့် နှစ်ပတ်လည်နေ့ဖြစ်သော ဇွန်လ (၅) ရက်နေ့တွင် ကမ္ဘာ့ပတ်ဝန်းကျင်နေ့အထိမ်းအမှတ်ကို နှစ် စဉ်ကျင်းပသည်။ ဖွံ့ဖြိုးဆဲနိုင်ငံတွင် အခြေစိုက်ထားသည့် ပထမဆုံးကမ္ဘာလုံးဆိုင်ရာ ကုလသမဂ္ဂအဖွဲ့ခွဲဖြစ်သည့် ယူနက်ပ်၏ ရုံးဌာနချုပ်မှာ ကင်ညာနိုင်ငံ နိုင်ရိုဘီမြို့တွင်ရှိသည်။

ပစ္စည်း အမိုက်သရိုက်များမှလည်းကောင်း စွမ်းအင်ထုတ်လုပ်ရန်အတွက် ရှေ့ဆောင်စီမံကိန်းများကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

စတော့ဟုမ်း ကွန်ဖရင့်ကို စတင်ဖွင့်လှစ်သည့် နှစ်ပတ်လည်နေ့ဖြစ်သော ဇွန်လ (၅) ရက်နေ့တွင် ကမ္ဘာ့ပတ်ဝန်းကျင်နေ့အထိမ်းအမှတ်ကို နှစ် စဉ်ကျင်းပသည်။ ဖွံ့ဖြိုးဆဲနိုင်ငံတွင် အခြေစိုက်ထားသည့် ပထမဆုံး ကမ္ဘာလုံးဆိုင်ရာ ကုလသမဂ္ဂအဖွဲ့ခွဲဖြစ်သည့် ယူနက်ပ်၏ ရုံးဌာနချုပ်မှာ ကင်ညာနိုင်ငံ နိုင်ရိုဘီမြို့တွင်ရှိသည်။

## ကုလသမဂ္ဂ လူဦးရေဆိုင်ရာ လုပ်ငန်းရန်ပုံငွေအဖွဲ့

## United Nations Fund for Population Activies (UNFPA)

ကုလသမဂ္ဂလူဦးရေဆိုင်ရာ လုပ်ငန်းရန်ပုံငွေအဖွဲ့ (UNFPA) ကို ၁၉၆၇ ခုနှစ်တွင် အထွေထွေညီလာခံကြီးက ဖွဲ့စည်းခဲ့သည်။ ရန်ပုံငွေ၏ ငွေကြေးခွဲဝေသတ်မှတ်မှုကို အောက်ပါအဓိကကဏ္ဍများဖြင့် ပိုင်းခြားထားသည်။ လူဦးရေဆိုင်ရာ အချက်အလက်များကို စုဆောင်းရေးကဏ္ဍ၊ လူဦးရေလုပ်ငန်းဆိုင်ရာ သင်တန်းပို့ချမှုနှင့် ဖွံ့ဖြိုးရေးစီမံကိန်းချမှတ်မှုတို့ကို ပြုလုပ်ရာတွင် လူဦးရေပြောင်းလဲမှု အရှိန်အဟုန်များကို အသုံးချရေးကဏ္ဍ၊ မိသားစုစီမံကိန်းကိစ္စထက် သာလွန်သော ပေါ်လစီမူဝါဒများကို ချမှတ်၍ အကောင်အထည်ဖော်ရေးကဏ္ဍ၊ မိသားစုစီမံကိန်းလုပ်ငန်းများလုပ်ဆောင်ရေးနှင့် အစီအစဉ်လုပ်ငန်း စီမံခန့်ခွဲရေးအပြင် သန္ဓေမွေးဖွားမှု အောင်နိုင်မှန်ကန်စေမည့် နည်းလမ်းများကို လက်တွေ့သုတေသနပြုစုရေးကဏ္ဍ၊ စာသင်ကျောင်းများတွင် ပြန်ကြားရေးနှင့် ပညာရေးအစီအစဉ်များ ချမှတ်ဆောင်ရွက်ရေးနှင့် မိသားစုစီမံကိန်းအထောက်အကူပြု အစီအစဉ်များ ချမှတ်ဆောင်ရွက်ရေးကဏ္ဍ၊ ကုလသမဂ္ဂဖွဲ့စည်းပုံရှိ ကွင်းဆက်ဆောင်ရွက်ရေးအဖွဲ့ဝင်များနှင့် လူဦးရေပါရဂူများ၏ လုပ်အားဖြင့် အစီအစဉ်ဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍတို့ဖြစ်သည်။

လူဦးရေပြဿနာတွင် အကျုံးဝင်သော လုပ်ငန်းအမျိုးမျိုးတွင် နိုင်ငံတကာက အာရုံစူးစိုက်လာစေရန်လည်းကောင်း၊ ဆီလျော်သင့်မြတ်သော ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းကို အားပေးချီးမြှင့်ရန်အတွက်လည်းကောင်း၊ ၁၉၇၄ ခုနှစ်ကို ကမ္ဘာ့လူဦးရေနှစ်အဖြစ် ကုလသမဂ္ဂမှ ၁၉၇၀ ခုနှစ်တွင် သတ်မှတ်ခဲ့သည်။

၁၉၇၄ ခုနှစ်တွင် ရိုမေးနီးယားနိုင်ငံ၊ ဘူးခါးရက်စ်မြို့၌ ကမ္ဘာ့လူဦးရေ ကွန်ဖရင့်တစ်ရပ်ကိုကျင်းပခဲ့ရာ နိုင်ငံပေါင်း (၁၃၆) နိုင်ငံမှ ကိုယ်စားလှယ်များတက်ရောက်ခဲ့ကြသည်။ ကွန်ဖရင့်တွင် စာပိုဒ်ပေါင်း ၁၀၉ ပိုဒ်ပါသည်။ ကမ္ဘာ့လူဦးရေလုပ်ငန်းစီမံကိန်းကို ချမှတ်ခဲ့ရာ ယင်းစီမံကိန်းများတွင် အောက်ပါအခြေခံမှုများနှင့် အကြံပြုထောက်ခံချက်များ ပါဝင်သည်။

နိုင်ငံအသီးသီးတွင် မိမိတို့နိုင်ငံ၏ ရည်မှန်းချက်များ၊ လိုအပ်ချက်များနှင့်အညီ မိမိတို့၏ လူဦးရေပေါ်လစီမူဝါဒများကို ချမှတ်၍ အကောင်အထည်ဖော်ဆောင်ရွက်ရန် အချုပ်အချာအာဏာပိုင်အခွင့်အရေးရှိသည်။ သို့သော် မိမိတို့နိုင်ငံအလျောက် ကြိုးပမ်းအားထုတ်လုပ်ဆောင်မှုများကို အပြည်ပြည်လူသားတစ်ရပ်လုံး၏ ကူညီမှုများဖြင့် ပြုလုပ်ရမည်ဖြစ်သည်။ အထူးသဖြင့် ဖွံ့ဖြိုးသောနိုင်ငံများနှင့် အကူအညီပေးနိုင်သော အခြားနိုင်ငံများ၏ အကူအညီများဖြင့် ပြုလုပ်ရမည်ဖြစ်သည်။

သေကြေပျက်စီးမှု နည်းပါးရေး၊ အထူးသဖြင့် ကလေးသူငယ်များ သေကြေပျက်စီးမှုနည်းပါးရေးမှာ "လူ့အဖွဲ့အစည်းဆိုင်ရာ ပြောင်းလဲမှု အစီအစဉ်တွင် ထိပ်ဆုံးဦးစားပေးအပ်သော ကိစ္စရပ်" ဖြစ်သည်။ မိမိတို့၏ မွေးဖွားနှုန်းထားများမှာ "မိမိနိုင်ငံအမျိုးအစား ရည်မှန်းချက်များကို ပျက်ပြားစေသည်" ဟူ၍ ယူဆသော နိုင်ငံများအား အရေအတွက် အနည်းအများ ပန်းတိုင်များကို သတ်မှတ်ကြရန်လည်းကောင်း၊ ၁၉၈၅ ခုနှစ်သို့ ရောက်ရှိသောအခါတွင် ယင်းပန်းတိုင်များသို့ အရောက်လှမ်းစေနိုင်မည့် ပေါ်လစီမူဝါဒများကို အကောင်အထည်ဖော် လုပ်ဆောင်ကြရန်လည်းကောင်း မေတ္တာရပ်ခံတိုက်တွန်းသည်။

ဇနီးမောင်နှံအားလုံးအနေဖြင့်လည်းကောင်း၊ ပုဂ္ဂိုလ်တစ်ဦးချင်းအနေဖြင့်လည်းကောင်း၊ မိမိတို့ သားသမီးအရေအတွက်နှင့် မွေးဖွားသည့် ကာလအပိုင်းအခြားကို လွတ်လပ်စွာ၊ တာဝန်ရှိစွာ ဆုံးဖြတ်သတ်မှတ်ရန် အပြင် ယင်းသို့ ဆုံးဖြတ်သတ်မှတ်နိုင်အောင် သက်ဆိုင်ရာ အကြောင်းအချက်များနှင့် အသိပညာများကို ရရှိရန်တို့အတွက် အခြေခံအခွင့်အရေးရှိသည်။

အမျိုးသမီးများအနေဖြင့် မိမိတို့နိုင်ငံ၏ ပညာရေး၊ လူမှုရေး၊ စီးပွားရေးနှင့် နိုင်ငံရေးလုပ်ငန်းများတွင် ယောကျ်ားများနှင့်တန်းတူ အပြည့်အဝ ပါဝင်လုပ်ကိုင်ကြစေရန် အစိုးရအနေဖြင့် အာမခံဆောင်ရွက်ပေးရမည်။

လူဦးရေကွန်ဖရင့်က လူဦးရေအခြေခံများနှင့် လူမှုစီးပွားရေးမှာ အပြန်အလှန် ဆက်စပ်လျက်ရှိသည်ကို ထောက်ရှု၍ လုပ်ငန်းအကောင် အထည်ဖော်ဆောင်ရွက်ရေး စီမံကိန်းကို တိုးတက်မှုအတွက် အပြည်ပြည် က ချမှတ်ထားသည့် မဟာဗျူဟာများ၏ ပိုမိုကျယ်ပြန့်သည့် အစီအစဉ် အတွင်းရှိ ပေါ်လစီမူဝါဒ ကိရိယာတစ်ခုအဖြစ် ဆုံးဖြတ်သတ်မှတ်ခဲ့သည်။

ကွန်ဖရင့်မှ အကျိုးသက်ရောက်မှုအရ ကုလသမဂ္ဂသည် ရှုပ်ထွေး သောအနေအထားရှိသည့် ယင်းအပြန်အလှန်ဆက်စပ်မှုကို ပိုမိုသဘော ပေါက်နားလည်စေရန် ရည်သန်သည့် လေ့လာမှုများကို အလေးအနက်ပြု က လူဦးရေပညာရပ်ဆိုင်ရာ သုတေသနပြုစုမှုကို ပြန်လည်ညှိနှိုင်းလုပ် ဆောင်ခဲ့သည်။

ရိုးရာစဉ်လာဘာသာရပ်များ (သန္ဓေမွေးဖွားမှု အောင်နိုန်း ဆိုင်ရာ ဘာသာရပ်၊ သေကြေပျက်စီးမှုဆိုင်ရာ ဘာသာရပ်၊ နေထိုင်ရာ အရပ်ဒေသ တစ်ခုမှတစ်ခုသို့ ပြောင်းရွှေ့မှုဆိုင်ရာ ဘာသာရပ်)ကို လေ့လာရာတွင်ပင် လျှင် ဖွံ့ဖြိုးရေးကို ပိုမို၍ အရေးပေး အလေးထားသည်။

လူဦးရေ လေ့လာမှုတွင် စားနပ်ရိက္ခာများကို သယံဇာတသဘာဝ ပစ္စည်းများ၊ ပတ်ဝန်းကျင်၊ အလုပ်အကိုင်၊ ပညာရေး၊ ကျန်းမာရေး၊ ဝင်ငွေနှင့် စားသုံးမှုအစရှိသော အကြောင်းအရာ ဘာသာရပ်များပါဝင် သည်။

ပါရဂူအဖွဲ့များနှင့် အစိုးရအရာရှိဂုန်ထမ်းများအတွင်း အချက်အလက်များကို ဖလှယ်မှုများအတွက် ကုလသမဂ္ဂသည် လူဦးရေပြဿနာများကိုဆွေးနွေးနိုးနှောကြရာ နေရာဌာနများလည်းဖြစ်နေသော ကျွမ်းကျင်မှုဆိုင်ရာ အစည်းအဝေးများနှင့် ကွန်ဖရင့်များကို စီစဉ်ကျင်းပပေးခဲ့သည်။

ကုလသမဂ္ဂသည် မိမိ၏ သုတေသနလုပ်ငန်းများကို ထုတ်ဝေလိုက်ခြင်းဖြင့် လူဦးရေပညာရပ်ဆိုင်ရာ အချက်အလက်များ၊ လူဦးရေမြေပုံများကို ဆန်းစစ်ဖော်ထုတ်ရေးနှင့် ညှိနှိုင်းဆောင်ရွက်ရေးတို့အတွက် နည်းလမ်းများကိုလည်းကောင်း၊ စံပြလူနေမှုဇယားများကိုလည်းကောင်း ဖန်တီးရန်အတွက် အထောက်အကူပြုခဲ့သည်။

သန္ဓေမွေးဖွားမှု အောင်နှုန်းဆိုင်ရာဘာသာရပ်၊ မြို့ပြတည်ထောင်မှုဘာသာရပ်နှင့် လူဦးရေဘာသာရပ် စသည်တို့နှင့်ပတ်သက်၍ အစိုးရများနှင့် ပညာရှင်များကပါ စီစစ်သုံးသပ်သည့် လေ့လာမှုများစွာကို အသုံးပြုကြသည်။

ကမ္ဘာ့လူဦးရေ သဘောသဘာဝများ၊ ပေါ်လစီမူဝါဒများကို စစ်ဆေးကြည့်ရှုမှတ်သားထားမှုများကို သုံးသပ်ထားသည့် ၂ နှစ် တစ်ကြိမ်ထုတ်စာစောင်တွင် ကမ္ဘာ့လူဦးရေအခြေအနေနှင့်ပတ်သက်သည့် လက်ရှိမျက်မှောက်အချက်အလက်များကို ဖော်ပြထားသည်။

သန်းခေါင်စာရင်းကောက်ယူရေး၊ မိသားစုစီမံကိန်းအစီအစဉ်များ ချမှတ်ဆောင်ရွက်ရေး၊ လူဦးရေပညာရပ်ဆိုင်ရာ လေ့လာမှုပြုလုပ်ရေး စသော စီမံကိန်းလုပ်ငန်းများနှင့် ပတ်သက်၍ နိုင်ငံများအား ကူညီလျက်ရှိသည့်အပြင် လူဦးရေကိစ္စရပ် ကျွမ်းကျင်မှု ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းများတွင် ဒေသအဆင့်၊ စုပေါင်းဒေသအဆင့်နှင့် ကမ္ဘာတစ်ဝှမ်းလုံးအဆင့် ဝန်ဆောင်မှုလုပ်ငန်းများပါဝင်သည်။ ဥပမာအားဖြင့် ယင်းစီမံကိန်းများ၊ လုပ်ငန်းများကို ကုလသမဂ္ဂဦးစီးသော လူဦးရေပညာရပ်ဆိုင်ရာသင်တန်းများနှင့် သုတေသနဌာနမှူးများ၊ ဒေသဆိုင်ရာအကြံပေးပါရဂူများ၊ နိုင်းယှဉ်လေ့လာမှုများဆိုင်ရာ အတိုင်ပင်ခံပါရဂူများ၊ ကျွမ်းကျင်မှုပါရဂူအဖွဲ့အစည်းများ အစရှိသည့် ပုံစံများဖြင့် လုပ်ကိုင်ဆောင်ရွက်လျက်ရှိသည်။ ကျွမ်းကျင်မှု ပူးပေါင်းဆောင်ရွက်ရေးအစီအစဉ်၏ ရည်ရွယ်ချက်မှာ ဖွံ့ဖြိုးဆဲနိုင်ငံများအနေဖြင့် လူဦးရေပညာရပ်ဆိုင်ရာ အကြောင်းအချက်များနှင့် ပတ်သက်၍ လုပ်ဆောင်နေရာတွင်လည်းကောင်း၊ လူမှုရေးနှင့် စီးပွားရေးစီမံကိန်းတို့နှင့် ပတ်သက်၍ လုပ်ကိုင်ဆောင်ရွက်ရာတွင်လည်းကောင်း ကိုယ့်အားကိုယ်ကိုး၊ ကိုယ်ထူကိုယ်ထနိုင်မှုကို အားပေးမြှင့်ရန်ပင်ဖြစ်သည်။

လူဦးရေကိစ္စများနှင့်ပတ်သက်၍ ဖွံ့ဖြိုးဆဲနိုင်ငံများက အကူအညီများကို ပိုမို၍ တောင်းဆိုလာကြသည်နှင့်အမျှ ရန်ပုံငွေများကို ခွဲဝေသတ်မှတ်ရေးအတွက် ဦးစားပေးဒေသများကို သတ်မှတ်ပေးရန် လိုအပ်သည်။

သို့ဖြင့် လူဦးရေပညာရပ်ဆိုင်ရာ အညွှန်းလေးခုဖြစ်သော လူဦးရေ တိုးပွားမှုအညွှန်း၊ မွေးဖွားမှု အောင်နွန်းအညွှန်း၊ ကလေးသူငယ်များ သေ ကြေပျက်စီးမှုအညွှန်းနှင့် စိုက်ပျိုးထွန်ယက်နိုင်သည့် မြေယာတွင် နေထိုင် သည့် လူဦးရေ အစိပ်အကျဲအညွှန်းတို့ကို အဓိကလူဦးရေပြဿနာအား ညွှန်ပြဖော်ညွှန်းရာများအဖြစ် ရွေးချယ်ကာ ယင်းအညွှန်းများကို ဖွံ့ဖြိုးမှု အဆင့်မြင့်သတ်မှတ် ဆက်စပ်ထားသည်။ နိုင်ငံများအနေဖြင့် ယင်းအဆင့် အတန်းအတွက် အရည်အချင်းပြည့်မီရန် တစ်နှစ်လျှင် တစ်ဦးကျ ဂင်ငွေ ဒေါ်လာ ၄၀၀ အောက် ရှိကြရမည်ဖြစ်သည်။ ယူအင်န်အက်ဖ်ပီအေ သည် လုပ်ငန်းစတင်ဆောင်ရွက်ခဲ့သည့် ၁၀ နှစ်ကျော်ကျော် ကလေးသာရှိသေး သည့် ၁၉၇၉ ခုနှစ်ကုန်ပိုင်းတွင် ဖွံ့ဖြိုးဆဲနိုင်ငံများနှင့် နယ်မြေဒေသများ စုစုပေါင်း ၁၂၅ ကျော်တို့အတွက် ဒေါ်လာသန်းပေါင်း ၅၅၀ ကျော်အထိ အကူအညီ အထောက်အပံ့ပေးခဲ့သည်။

ယူအင်န်အက်ဖ်ပီအေ ရုံးဌာနချုပ်မှာ အမေရိကန်နိုင်ငံ၊ နယူး ယောက်မြို့တွင် တည်ရှိသည်။

The End